မြန်မာ့အရေးလေ့လာသူများအဖွဲ့(Burma Monitor)
ငြိမ်းချမ်းရေးဖြစ်စဉ်အနှစ်ချုပ် ၂၀၁၇ မတ်

မြန်မာ့အရေးလေ့လာသူများအဖွဲ့ကို ၂၀၁၆ ခုနှစ် မေလတွင် စတင်ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များအား လေ့လာစောင့်ကြည့် မှတ်တမ်းတင်သုတေသနပြုပြီး ငြိမ်းချမ်းရေး ရက်စွဲစဉ်မှတ်တမ်းနှင့် အနှစ်ချုပ်သုံးသပ်ချက်များအား လစဉ်ထုတ်ဝေသွားမည်ဖြစ်သည်။

မြန်မာ့အရေးလေ့လာသူများအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ငြိမ်းချမ်ရေးဖြစ်စဉ်အား မီဒီယာများမှတဆင့် မှတ်တမ်းတင်သုတေသပြုချက်များအရ လေ့လာတွေ့ရှိချက်များဖြစ်ပါသည်။ ၎င်းအချက်အလက်များကို မီဒီယာများအနေဖြင့် ကူးယူဖော်ပြနိုင်ပြီး၊ အကယ်၍ ကူးယူဖော်ပြခဲ့ပါက အဖွဲ့၏ အမည်အား သတင်းရင်းမြစ်နေရာတွင် ဖော်ပြပေးရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးရက်စွဲစဉ် မှတ်တမ်းနှင့် လစဉ်သုံးသပ်ချက် အနှစ်ချုပ်မှတ်တမ်းများအား အကြံပြုချက်များပေးပါရန်နှင့် အကြံပြုချက်များ ပေးပို့လိုပါက bcmg.burma.org@gmail.com နှင့် ဖုန်း - 09-796636737 တို့ကို ဆက်သွယ်နိုင်ပါသည်။

## ၁။ တိုက်ပွဲများ

### ၁.၁) MNDAA

၂၀၁၇ခုနှစ်၊ မတ်လအတွင်းတွင် မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် MNDAA နှင့် တပ်မတော်တို့၏ တိုက်ပွဲဖြစ်ပွားမှုမှာ တခြားသော တိုင်းရင်းသားတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားမှု များထက် စံချိန်တင် များပြားခဲ့ပြီး မတ်လ (၆) ရက်မှ (၁၄)ရက်အတွင်း တိုက်ပွဲကြီးငယ်ပေါင်း (၅၇)ကြိမ် ဖြစ်ပွားခဲ့သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့သည်။ တိုက်ပွဲဖြစ်ပွားသည့်ရက်များမှာ မတ်လ (၄)၊ (၆))၊ (၇)၊ (၉)၊(၁၀)၊ (၁၁)၊ (၁၂)၊ (၁၄)၊(၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၁)၊ (၂၂)၊ )၂၃)၊ (၂၄)၊ (၂၅)၊ (၂၆)၊ (၂၇) ရက်များအထိ ဖြစ်ကြောင်း နစ်ဖက် ထုတ်ပြန်ချက်နှင့် သတင်းမီဒီယာများ၏ ထုတ်ပြန်ချက်များအရ သိရသည်။ ထုတ်ပြန်ချက်များအရ MNDAA မှ မတ်လ (၂၃)ရက်နေ့အထိ ၂၈ ဦးကျဆုံးခဲ့ပြီး၊ တပ်မတော်ဘက်မှ အကျအဆုံး များပြားသည်ဟုသာ သိရကာ ဦးရေအတိအကျကို ထုတ်ပြန်ခြင်းမရှိပေ။ တိုက်ပွဲတွင် တပ်မတော်ဘက်မှ လက်နက်ကြီးပစ်ကူ အများဆုံးယူခဲ့ပြီး နစ်ဘက် အပြန်အလှန်ထိုးစစ်များကြောင့် တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

### ၁.၂) TNLA

၂၀၁၇ခုနှစ်၊ မတ်လအတွင်းတွင် ကိုးကန့်တပ်ဖွဲ့ တအာင်းတပ်မတော်(TNLA) နှင့် တပ်မတော်တို့၏ တိုက်ပွဲဖြစ်ပွားမှု များမှာ ဒုတိယအများဆုံးဖြစ်သည်။ မတ်လ (၄)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၆)၊ (၂၈) ရက်များတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး၊ တိုက်ပွဲများကြောင့် တပ်မတော်ဘက်က (၈)ဦးထက်မနည်း ကျဆုံးပြီး တအာင်းတပ်မတော်ဘက်မှ (၂)ဦး ဒဏ်ရာရကြောင်း TNLA ၏ ထုတ်ပြန်ချက်များအရ သိရသည်။ တိုက်ပွဲများသည် နစ်ဘက် အပြန်အလှန် ထိုးစစ်ဆင်မှုများကြောင့်ဖြစ်ပြီး မတ်လ(၂၈)ရက် နေ့တွင် တပ်မတော်ဘက်က လေကြောင်းပစ်ကူယူခဲ့ကြောင်း သိရသည်။

### ၁.၃) RCSS/SSA

NCA လက်မှတ်ထိုးထားသော RCSS/SSA နှင့် တပ်မတော်တို့သည် မတ်လ (၇) ရက်နေ့နှင့် (၂၅)ရက်နေ့များတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည်။ တိုက်ပွဲများသည် တပ်မတော်၏ ထိုးစစ်များကြောင့် ဖြစ်သည်ဟု RCSS/SSA ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ တိုက်ပွဲများကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရမှုများကို သတင်းထုတ်ပြန်ခြင်းမရှိပါ။

### ၁.၄) KIA

KIA နှင့် တပ်မတော်တို့သည် မတ်လ (၂၄)ရက်နေ့နှင့် (၂၅) ရက်များတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဟု သိရပြီး တပ်မတော်ဘက်မှ အရာရှိနှစ်ဦးကျဆုံးပြီး စစ်ကြောင်းမှူး အပြင်းအထန်ဒဏ်ရာရခဲ့ကြောင်း သတင်းများအရ သိရသည်။

### ၁.၅) AA

AA နှင့် တပ်မတော်တို့သည် မတ်လ (၂၆) ရက်နေ့တွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အစပ် ပလက်ဝ မြို့အနားမှာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိတွေ့တိုက်ပွဲဖြစ်ပွားခြင်းဟု သိရပြီး တပ်မတော် ဘက်မှ နှစ်ဦးကျဆုံးပြီး ထိခိုက်ဒဏ်ရာရမှုများရှိခဲ့သည်ဟု AA ပြန်ကြားရေးတာဝန်ခံက သတင်းထုတ်ပြန်ခဲ့သည်။

## ၂။ တွေ့ဆုံဆွေးနွေးမှု

### ၂.၁) အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တွေ့ဆုံဆွေးနွေးမှု

မတ်လ(၁)ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့ နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနတွင် တွေ့ဆုံခဲ့သည်။

မတ်လ (၃)ရက်နေ့တွင် အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်း ဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) တို့ ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနတွင် တွေ့ဆုံခဲ့သည်။

### ၂.၂) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်းကြား တွေ့ဆုံဆွေးနွေးမှု

မတ်လ(၄)ရက်နေ့မှ (၆)ရက်နေ့အထိ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း (၈)ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့--(Peace Process Steering Team-PPST) အစည်းအဝေးကို ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ပြုလုပ်ခဲ့သည်။

မတ်လ (၁၂)ရက်နေ့မှ မတ်လ(၁၄)ရက်နေ့အထိ ညီညွတ်သော တိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)၏ ဗဟို အလုပ်အမှုဆောင်ကော်မတီ အရေးပေါ် အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ပြုလုပ်ခဲ့သည်။

မတ်လ (၁၉) ရက်နေ့တွင် UNFC ၏ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့မှ ခေါင်းဆောင်အချို့ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံခဲ့သည်။

မတ်လ (၂၈)ရက်နေ့မှ မတ်လ(၃၀)ရက်နေ့အထိ ၉ ကြိမ်မြောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆက်ဆံရေးရုံးများ လုပ်ငန်းညှိနှိုင်း အစည်း အဝေးကို တောင်ကြီးမြို့တွင် ပြုလုပ်ခဲ့သည်။

## ၂.၃) နိုင်ငံတကာနှင့် တွေ့ဆုံဆွေးနွေးမှု

မတ်လ (၁)ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang တို့ နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာတွင်တွေ့ဆုံခဲ့သည်။

မတ်လ (၁၄)ရက်နေ့တွင် မြောက်ပိုင်း မဟာမိတ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang တို့ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်မြို့တွင် တွေ့ဆုံခဲ့သည်။

မတ်လ (၂၁)ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်သံအမတ်ကြီးH.E. Mr. Hong Liang တို့ နေပြည်တော်ရှိ ဇေယျာသီရိခန်းမတွင် တွေ့ဆုံခဲ့သည်။

## ၂.၄) ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်းမှ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ

မတ်လ (၁)ရက်နေ့တွင် ချင်း လူမျိုးအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ တတိယနေ့ကို ထန်တလန်မြို့တွင် ပြုလုပ်ခဲ့သည်။

မတ်လ (၁)ရက်နေ့တွင် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ နိုင်ငံရေးပါတီများ အစုအဖွဲ့က ရန်ကုန်မြို့တွင် အစည်းအဝေးပြုလုပ်ခဲ့သည်။

မတ်လ (၈)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အစည်းအဝေးကို မြိတ်မြို့ရှိ ကော်မတီရုံးတွင် ပြုလုပ်ခဲ့သည်။

မတ်လ (၈)ရက်နေ့မှ (၁၀)ရက်နေ့အထိ ပြည်ထောင်စုငြိမ်းချမ်း ရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒကိစ္စရပ်များ စသည့်လုပ်ငန်း ကော်မတီငါးခု၏ ဆွေးနွေးပွဲများ ကို နေပြည်တော်တွင် ပြုလုပ်ခဲ့သည်။

မတ်လ (၉)ရက်နေ့တွင် ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) အစည်းအဝေးကို ရှမ်းပြည်နယ်တောင်ပိုင်း ခိုလမ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းတွင် ပြုလုပ်ခဲ့သည်။

## ၃။ စစ်ဘေးသင့်ပြည်သူများ

မတ်လ(၄)ရက်နေ့တွင် တအာင်းတပ်မတော် (TNLA) နှင့် တပ်မတော်တို့၏ တိုက်ပွဲဖြစ်ပွားမှုများကြောင့် ပြည်သူ ၄၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မတ်လ(၆)ရက်နေ့မှစတင်ခဲ့သည့် ကိုးကန့်တိုက်ပွဲများကြောင့် ဒေသခံပြည်သူ ၃၀၀၀၀ ကျော် တရုတ်ပြည်ဘက်ကို ထွက်ပြေးပြီး စစ်ဘေးရှောင်ခဲ့ရသည်။

## ၄။ အရပ်သားသေဆုံးမှုများ

မတ်လ (၄)ရက်မှ စတင်သည့် ကိုးကန့်ဒေသတိုက်ပွဲများကြောင့် အရပ်သား (၃၁)ဦး သေဆုံးခဲ့ပြီး၊ အများအပြား ဒဏ်ရာရမှုများ ရှိခဲ့သည်။

တပ်မတော်နှင့် TNLA တို့ ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သား (၂)ဦး သေဆုံးပြီး လေးဦးဒဏ်ရာ ရခဲ့သည်။

## ၅။ လူ့အခွင့်အရေးချိုးဖောက်မှုများ

### ၅.၁) တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် ပြည်သူ့စစ်များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

မတ်လ (၆)

- မြဝတီမြို့တွင် BGF ဝတ်စုံဝတ်ဆင်ထားသူများ(အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး)က ရွှေဆိုင်မှ အမျိုးသမီးတဦးအား သေနတ်ဖြင့် ခြိမ်းခြောက်ကာဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

မတ်လ(၁၃)

- ရှမ်းပြည်နယ်အရှေ့ပိုင်းမိုင်းဟောင်းမြို့တွင် အစိုးရနယ်ခြားစောင့်တပ်ဖွဲ့မှ ရွာသား တစ်ဦးအား ရှမ်းတပ်ဖွဲ့နှင့် ဆက်သွယ်သည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။
- ကယားပြည်နယ် လွယ်ကော် လောပိတအခြေစိုက် တပ်ရင်း(၅၃၀)မှ နမ့်ဆန်မြို့နယ်နေ ဒေသခံများအား အဓမ္မလုပ်အားပေးခိုင်းစေခဲ့သည်။
- ရှမ်းပြည်မြောက်ပိုင်း လားရှိုးခရိုင် တန့်ယန်းမြို့နယ်တွင် မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့မှ (၅)ရက်အတွင်း သိန်း ၁၀၀၀ ကောက်ယူပြီး ပြည်သူ့စစ်ရံပုံငွေ အဖြစ်ပေးရန် နမ်ပေါင်ဒေသ အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဆင့်ခေါ်၍ ပြောခဲ့သည်။

မတ်လ(၁၆)

- ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၊ ဝမ်ဟိုရွာတွင် အစိုးရနယ်ခြားစောင့်တပ်မှ ဒေသခံတဦးကိုဖမ်းဆီးခဲ့သည်။

မတ်လ(၁၈)

- ပဲခူးတိုင်းဒေသကြီးရွှေကျင်မြို့နယ်တွင် တပ်မတော်တပ်ရင်း (၅၈၉)မှ တပ်သားတစ်ဦးက ဒေသခံတဦးအားသေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

မတ်လ(၁၉)

- မိုင်းပျဉ်းမြို့နယ်၊ မိုင်းပူးအွန်ကျေးရွာအုပ်စု ဝမ်ခမ်းပတ်ကျေးရွာတွင် အစိုးရခြေမြန်တပ်ရင်း(၅၂၇)နှင့် ပြည်သူ့စစ်မောင်တိုးနှင့်အဖွဲ့ ပူးပေါင်းအင်အား ၄၀ခန့်က ဒေသခံများ၏ နေအိမ်များကိုဝင်ရောက်မွှေနှောက်၍ ပစ္စည်းများအဓမ္မယူဆောင်သွားခဲ့သည်။
- လောက်ကိုင်မြို့နယ် တောက်ရွှေရွာအုပ်စုတွင် တပ်မတော်က ရွာသူကြီး တိုက်ရောက်ယွိနှင့် ဇနီးကို ပစ်ခတ်သတ်ဖြတ်ပြီး ကားကိုလည်း မီးရှို့ခဲ့သည်ဟု မြောက်ပိုင်းမဟာမိတ်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

မတ်လ (၂၃)

- နမ့်ခမ်းမြို့နယ် ၊ ကြူဆိုင်းကျေးရွာရှိဒေသခံတဦးကို တပ်မ(၃၃)မှ ဖမ်းဆီးနှိပ်စက်ပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။

## ၅.၂) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများ

မတ်လ (၆)

- ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်မြို့နယ်တွင် MNDAA ကိုးကန့်တပ်ဖွဲ့မှ ဖူလီလိုက်ဟိုတယ်ဝန်ထမ်း ၃၂၀ဦး (အမျိုးသား ၁၂၀၊ အမျိုးသမီး ၂၀၀ဦး)အား ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

မတ်လ (၉)

- ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာတွင် TNLA ၏ လက်နက်ငယ်ဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မတ်လ (၁၁)

- ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ် မိုင်းတက်ကျေးရွာတွင် TNLA အဖွဲ့မှ ရွာသားတဦးကိုပစ်သတ်ခဲ့သည်။

မတ်လ(၁၂)

- ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ် မိုင်းတက်ကျေးရွာတွင် TNLA တပ်မဟာ(၁)မှ အဖွဲ့ဝင်များက နမ္မတူမြို့နယ် မိုင်းတက်ဘုန်းကြီးကျောင်းသို့ ရောက်လာပြီး ရွာပေါင်းခြောက်ရွာမှ ဒေသခံ (၁၀၂)ဦးကို ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။

မတ်လ(၁၅)ရက်နေ့

- TNLA တပ်ဖွဲ့များမှ မန်း-မူဆယ် ပြည်ထောင်စုလမ်းမပေါ်တွင် ပြေးဆွဲနေသော ကုန်တင်ကားကြီးများအားရပ်တန့်စေခဲ့ပြီးသေနတ်ဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည်။

မတ်လ(၁၆)

- ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုလမ်းမကြီးမှတ်တိုင် (၂၅၈) အနီးတွင် လက်နက်ကိုင်ပူးပေါင်းအဖွဲ့များမှ ယာဉ်(၁၀)စီးခန့်ကို ဆက်ကြေးတောင်းခံခဲ့သည်။

မတ်လ(၁၉)

- ကျောက်မဲမြို့နယ် တော့ဆန်ကျေးရွာအုပ်စုတွင် ရှိသည့် အိမ်ခြေစိပ်သော ကျေးရွာများကို တစ်ရွာလျှင် ၅ဦး၊ အိမ်ခြေမစိပ်သော ကျေးရွာများကို တစ်ရွာလျှင် ၃ဦးကျ တပ်သားသစ်စုဆောင်းပေးရန် TNLAတပ်ဖွဲ့မှ အမိန့်ပေးခဲ့သည်။

မတ်လ(၂၀)

- ကျောက်မဲမြို့နယ် ညောင်မောင်းကျေးရွာအုပ်စု၊ ခိုအုံ့ကျေးရွာတွင် TNLA တပ်ဖွဲ့ဝင်များမှ ရွာသား၄ဦးကို ရိုက်နှက်ပြီး ဖမ်းဆီးခဲ့သည်။

မတ်လ (၂၃)

- TNLA မှ (၁၉)ရက်နေ့က ဖမ်းဆီးထားသော ရွာသား(၅)ဦးအနက် (၄)ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်းကျန်တဦးကိုမူ ကျပ်ငွေ(၁၅)သိန်းဖြင့် ပြန်ရွေးယူရန်ပြောကြားခဲ့သည်။

**ထူးခြားဖြစ်စဉ်များ**

စည်းလုံးညီညွှတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့ (UNA) မှ မတ်လ(၁၈)ရက် တွင် သံလွင်တံတား(ချောင်းဆုံကိစ္စ)ကိုဆန့်ကျင်ကန့်ကွက်သည့် ကြေညာချက်အားထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ၏ အကြီးမားဆုံး အစိုးရပိုင်ဘဏ် တစ်ခုဖြစ်သည့် တရုတ်စိုက်ပျိုးရေးဘဏ်က MNDAA ကိုးကန့်တပ်ဖွဲ့ပိုင် ဘဏ်စာရင်းကို ဆိုင်းငံ့လိုက်သည်ဟု မတ်လ (၂၁)ရက်နေ့က Reuters သတင်းဌာနမှ ဖော်ပြခဲ့သည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင် ငါးဖွဲ့မှ (NCA) လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မတ်လ(၃၀)ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်ကို KNPP၊ မွန်ပြည်သစ်ပါတီ၊ WNO နှင့် UNFC ဒုဥက္ကဌ နိုင်ဟံသာတို့မှ ငြင်းဆိုခဲ့ကြသည်။

**မီဒီယာများ၏ သတင်းဖော်ပြမှု**

စောင့်ကြည့်မှုမှတ်များအရ တစ်လအတွင်း ငြိမ်းချမ်းရေး၊ စစ်ရေးနှင့် ပတ်သက်သည့် သတင်းအများစုကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဖော်ပြခဲ့ပြီး၊ ဒုတိယအများဆုံးမှာ မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ ပြန်ကြားရေးစာမျက်နှာဖြစ်သည်။ သတင်းမီဒီယာများထဲတွင် 7 Days News Journal မှ အများဆုံး ဖော်ပြခဲ့သည်။